ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၉/၂၀၂၆ )

| | | |
|---|---|---|
| ဒေါ်ဥမ္မာထွန်း (အလုပ်သမား)<br>အမှတ်(၁၀၀)၊ စကားဝါပင်လမ်း၊<br>ကြည့်မြင်တိုင်မြို့နယ်။<br>၀၉-၄၂၁ ၀၀၃ ၃၉၅ | } | တောင်းဆိုသူ |

နှင့်

| | | |
|---|---|---|
| ဒေါ်သီတာအောင် (အလုပ်ရှင်)<br>SSG Construction Materials Distribution<br>Co., Ltd (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)၊<br>ဒေါ်လွင်မာအောင်၊ မန်နေဂျာ (အလုပ်ရှင်၏ ကိုယ်စား<br>လှယ်လွှဲအပ်ခြင်းခံရသူ)အမှတ်(၅၂)၊ ငါးမာန်အောင်<br>ဘုရားလမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)<br>မြို့နယ်။ ၀၉-၇၆၃ ၇၉၉ ၄၅၅ | } | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၆ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅၂)၊ ငါးမာန်အောင်ဘုရားလမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ဒေါ်သီတာအောင် (အလုပ်ရှင်) ပိုင်ဆိုင်သော SSG Construction Materials Distribution Co., Ltd (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်) နှင့် ဒေါ်ဥမ္မာထွန်း (အလုပ်သမား)တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်။** အလုပ်ရှင်က ဒေါ်ဥမ္မာထွန်း(အလုပ်သမား)အား အလုပ်မှထုတ်ပယ်ခြင်း ရှိ/ မရှိနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် သင့်/ မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅၂)၊ ငါးမာန်အောင်ဘုရားလမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ဒေါ်သီတာအောင် (အလုပ်ရှင်) ပိုင်ဆိုင်သော SSG Construction Materials Distribution Co., Ltd (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)နှင့် ဒေါ်ဥမ္မာထွန်း (အလုပ်သမား) ဖြစ်ပွားသော အငြင်းပွားမှုကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှုမရရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ဒေါ်ဥမ္မာထွန်းသည် SSG Construction Materials Distribution Co.,Ltd (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်) သို့ ၂၆-၁၂-၂၀၂၃ ရက်နေ့တွင် မန်နေဂျာရာထူးဖြင့် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး လစာငွေ ကျပ် ၈၀၀,၀၀၀ ရရှိခဲ့ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ဖြင့် ခန့်ထားခဲ့ခြင်းမရှိကြောင်းနှင့် အလုပ်သမားများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲထားခြင်းမရှိကြောင်း၊ အလုပ်ရှင်(၂)ဦးရှိပြီး ဒေါ်သဲစုလွင်နှင့် ဒေါ်သီတာအောင် တို့ဖြစ်ပါကြောင်း၊ ဒေါ်သဲစုလွင်မှ လုပ်ငန်းတိုးချဲ့ရန် ငွေလိုသည့်အတွက် ဒေါ်ဥမ္မာထွန်း၏ အဒေါ်ဖြစ်သူ ဒေါ်ခင်နီလာထံတွင် ဒေါ်ဥမ္မာထွန်းမှတစ်ဆင့် အကြိမ်ကြိမ်ငွေများချေးယူခဲ့ပြီး ငွေကျပ် သိန်း(၃၃၀)ရှိကြောင်း၊ ဒေါ်သဲစုလွင်မှ ကျန်းမာရေးမကောင်းသဖြင့် ဆေးကုသမှုခံယူနေသဖြင့် ဒေါ်သီတာအောင်ထံ ငွေများပြန်ဆပ်ရန် တောင်းခဲ့ရာ ဒေါ်သီတာအောင်မှ ၆ လပိုင်း၊ ၇ လပိုင်းလောက်တွင်ပေးမည်ဟုပြောခဲ့ပြီး ပေးချေခြင်းမရှိသဖြင့် ၄-၈-၂၀၂၆ ရက်နေ့တွင် မန်နေဂျာ ဒေါ်ဥမ္မာထွန်းမှ အလုပ်ရှင်ဒေါ်သီတာအောင်ထံသို့ ငွေများထပ်မံတောင်းခံသည့်အခါ အာရုံနောက်သည် ဒေါ်သဲစုလွင်ထံတောင်းရန် ပြောကြားခဲ့ခြင်း၊ ဒေါ်ဥမ္မာထွန်းအား အလုပ်လုပ်ရန်စိတ်မပါက အလုပ်ထွက်ချင်ထွက်ဟု ပြောကြားခဲ့ခြင်းတို့ကြောင့် ဒေါ်ဥမ္မာထွန်းမှလည်း အလုပ်လုပ်ရန်ခက်ခဲနေသဖြင့် အလုပ်တာဝန်လွှဲရန် မေးမြန်းရာတွင် ဒေါ်သီတာအောင်က Supplier နှင့်ပတ်သက်သည့်ကိစ္စအား ဒေါ်လွင်မာအောင်၊ Operation၊ Admin နှင့် HR အပိုင်းကို ဒေါ်ဖြူဖြူကျော်ကိုလွှဲရန် ပြောခဲ့ပါကြောင်း၊ ကျွန်မအနေဖြင့် ၄-၈-၂၀၂၆ ရက်နေ့တွင် SSG Construction Materials Distribution Co., Ltd (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)မှ တာဝန်ပြီးနား အလုပ်ထွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါကြောင်းနှင့် ယခုအချိန်ထိ

Scanned with OKEN Scanner

လက်တွဲတူညီဆောင်ရွက်ပေးကြသော Suppliers အားလုံးကို အထူးကျေးဇူးတင်ပါကြောင်း၊ ကုမ္ပဏီနှင့် (လုံး၀) သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း၊ နောက်ပိုင်းတွင် ရောင်း၀ယ်ရေးပစ္စည်း မှာယူရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဒေါ်လွင်မာအောင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် Supplier Group တွင် ရေးသားခဲ့ပါကြောင်း၊ ဒေါ်သီတာအောင်သည် Supplier Group တွင် ရေးသားခဲ့ခြင်းကြောင့် ရုံးသို့လာ၍ ဒေါ်ဥမ္မာထွန်းနှင့် တစ်ယောက်တစ်ခွန်း စကားများရာ ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ခြင်းကြောင့် ဒေါ်ဥမ္မာထွန်း၏ မျက်နှာညာဘက်ခြမ်းတွင် အစွန်း အထင်းဒဏ်ရာရရှိသဖြင့် အိမ်ပြန်၍ ဆေးခန်းပြသခဲ့ရကြောင်း၊ မန်နေဂျာ ဒေါ်လွင်မာအောင်အား အလုပ်တာ၀န်များလွှဲနေသည့် အချိန်တွင် Viber Group ထဲတွင် **"မန်နေဂျာ ဒေါ်ဥမ္မာထွန်းအား ကုမ္ပဏီစည်းကမ်းမလိုက်နာခြင်းနှင့် မသမာမှုလုပ်၍ ထုတ်ပယ်လိုက်သည်"**ဟု ဒေါ်သီတာအောင်က စာဖြင့်ရေးသား၍ အလုပ်မှထုတ်ပယ်ခဲ့ပါကြောင်း၊ ပထမအကြိမ် အလုပ်ထုတ်ပယ်သည့် စာသားထဲတွင် မသမာမှုပါရှိသဖြင့် မည်သည့်မသမာမှုကျူးလွန်ခဲ့ကြောင်း ဒေါ်ဥမ္မာထွန်းမှ မေးမြန်း သည့်အခါ မသမာမှုကိုဖျက်ပြီး ဒုတိယအကြိမ် **"Procedures ကျော်လွန်၍ ထုတ်ပယ်လိုက်ပါသည်"** ဟု ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ဒေါ်ဥမ္မာထွန်းက အလုပ်ထုတ်ပယ်ခြင်းဖြစ်၍ နစ်နာကြေးတောင်း ဆိုမည်ဟုပြောကြားသဖြင့် **"မိမိဘာသာရပ်နားလိုက်ပါသည်"** ဟု တတိယအကြိမ်ပြင်ဆင်ဆောင် ရွက်ခဲ့ကြောင်း၊ **၅-၈-၂၀၂၆ ရက်နေ့တွင် အလုပ်ရှင်မှ တရား၀င်အလုပ်ထွက်စာတင်ရန်နှင့် လစာ ထုတ်ယူရန် ဒေါ်ဥမ္မာထွန်းကို ခေါ်ယူခဲ့ပါကြောင်း၊** ဒေါ်ဥမ္မာထွန်းက အလုပ်ရှင်အနေဖြင့် အလုပ် ထုတ်ပယ်သည်ဟု တရား၀င်ပြောခြင်းဖြစ်၍ အလုပ်ထွက်စာတင်ပြခဲ့ခြင်းမရှိကြောင်း ထွက်ဆို တင်ပြခဲ့ပါသည်။

၅။ ဒေါ်ဥမ္မာထွန်းသည် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာတွင် မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် "အလုပ်ရပ်စဲမှုနစ်နာကြေးပေးမည် ဒေါ်သီတာအောင်နှင့် ပတ် သက်သည့်ကိစ္စအား မည်သည့်ရုံးမျှ တိုင်ကြားခြင်းမပြုပါကြောင်း လက်မှတ်ရေးထိုးရမည်ဟု ပြောပါကြောင်း၊ ဒေါ်ဥမ္မာထွန်းအနေဖြင့် အဒေါ်ဖြစ်သူ ဒေါ်ခင်နီလာ ရရန်ရှိသည့် ငွေကြေးကိစ္စ များကို ဒေါ်သီတာအောင်က ဆောင်ရွက်ပေးခဲ့ခြင်းမရှိသဖြင့် လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါ ကြောင်း၊ အလုပ်မှထုတ်ပယ်သည့်အတွက် နစ်နာကြေးရရှိလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ အလုပ်ရှင်ကိုယ်စား ဒေါ်လွင်မာအောင် ထွက်ဆိုရာတွင် SSG Construction Materials Distribution Co., Ltd သည် ၂၀၂၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်ရှင်မှာ ဒေါ်သီတာအောင် နှင့် ဒေါ်သဲစုလွင်တို့ ဖြစ်ပါကြောင်း၊ အလုပ်သမားဦးရေမှာ ကျား (၄)ဦး၊ မ(၄)ဦး စုစုပေါင်း (၈)ဦး ရှိပါကြောင်း၊ အိမ်ဆောက်ပစ္စည်းရောင်း၀ယ်ရေးနှင့် အိမ်အလှပြုပြင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ပါ ကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် (EC) မရှိပါကြောင်း၊ စည်းကမ်းချက်များ

ရေးဆွဲထားခြင်းမရှိပါကြောင်း၊ လက်တလောအလုပ်ဝင်သည့် အလုပ်သမားအတွက်သာ စည်းကမ်းချက်များရေးဆွဲပြီး လက်မှတ်ထိုးခိုင်းပါကြောင်း၊ အလုပ်ရှင် ဒေါ်သဲစုလွင်သည် ဆေးကုသမှုခံယူနေစဉ်အတွင်း ဒေါ်ဥမ္မာထွန်းအား Supplier ကိစ္စ ငွေပေးချေခြင်း၊ ပစ္စည်းဝယ်ယူခြင်းကိစ္စတို့ကို လုပ်ကိုင်ရပါကြောင်း၊ ၄-၈-၂၀၂၆ ရက်နေ့တွင် ဒေါ်ဥမ္မာထွန်းသည် ဒေါ်သီတာအောင်အား ဦးစွာ Viber မှတစ်ဆင့် Duty လွှဲရန် စာပို့လာပါကြောင်း၊ ထို့ကြောင့် ဒေါ်သီတာအောင်မှ ဒေါ်လွင်မာအောင်နှင့် ဒေါ်ဖြူဖြူကျော်တို့ လွှဲရန်ပြောခဲ့ပါကြောင်း၊ ဒေါ်ဥမ္မာထွန်းသည် မိမိတို့၏ဆိုင်မှ Group နှင့် SSG Construction Materials Distribution Daily Duty Group များတွင် တင်ရမည့်အစား အခြားသောပြင်ပဆိုင်များဖြင့် ဖွဲ့စည်းထားသော Supplier Group တွင် ဦးစွာ **"ကျွန်မ ဒေါ်ဥမ္မာထွန်းသည် ၄-၈-၂၀၂၆ ရက်နေ့တွင် SSG Construction Materials Distribution Co., Ltd မှ တာဝန်ရပ်နားနုတ်ထွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်ရှင့်၊ SSG Construction Materials Distribution Co.,Ltd နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်"**ဟု ဒေါ်ဥမ္မာထွန်းက တင်ထားခြင်းဖြစ်ပါကြောင်း၊ ဒေါ်ဥမ္မာထွန်း၏ အလုပ်မှရပ်နားနုတ်ထွက်သည်ဟု Supplier Group တွင် တင်ပြီးမှ အလုပ်ရှင်မှ ဒေါ်ဥမ္မာထွန်းကို ကုမ္ပဏီစည်းကမ်း မလိုက်နာခြင်း မသမာမှုပြု၍ မိမိဘာသာရပ်နားလိုက်ပါသည် ဆက်လက်၍ ဒေါ်လွင်မာအောင်မှ ဆက်လက်တာဝန်ယူပါမည်ဟု ဒေါ်သီတာအောင်မှ ရေးသားထားခြင်းဖြစ်ပါကြောင်း၊ မသမာမှုပြုလုပ်သည်ဟု ဖော်ပြခြင်းသည် အလုပ်ရှင်မှမသိဘဲ၊ သဘောမတူဘဲ ထုတ်ဖော်မပြောရသေးဘဲ လုပ်ငန်းတစ်ခုလုံးကို ယုံကြည်မှုပျက်စေသော ရည်ရွယ်သောဆန္ဒဖြင့် ပြင်ပ Group ပေါ်တွင် ဒေါ်ဥမ္မာထွန်းမှ စတင်ရေးသားဖြန့်ဝေခြင်းကို ပြောခြင်းဖြစ်ပါကြောင်း၊ ဒေါ်ဥမ္မာထွန်းမှ Supplier Group တွင် တင်သည့်အတွက် အလုပ်ရှင်ဒေါ်သီတာအောင်မှ သိက္ခာကျသည် ဆိုင်အားအရှက်ရသည်ဟု ယူဆပြီး Viber Group တွင် ရေးသားခဲ့ခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ် မသမာမှုအား Procedures ကျော်လုပ်၍ မိမိဘာသာရပ်နားလိုက်နားလိုက်သည်ဟု ရေးသားပြင်ဆင်ခဲ့ပါကြောင်း၊ Procedures ကျော်လုပ်ခြင်းသည် တစ်ဆင့်ခံကနဲထရိုက်များအား လုပ်ငန်းမပြီးပြတ်သည့်ကိစ္စကို ငွေကြိုပေးခြင်းများပြုလုပ်ခြင်းကို ရေးသားခြင်းဖြစ်ပါကြောင်း၊ အလုပ်ရှင်ဒေါ်သီတာအောင်မှ ကျပ်သိန်း (၃၃၀) ကိစ္စအား မသိရှိပါကြောင်း၊ အလုပ်ရှင်ဒေါ်သဲစုလွင်နှင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒေါ်ဥမ္မာထွန်းသည် လုပ်ငန်းလုပ်နေစဉ်အတွင်း လုပ်ငန်းစည်းကမ်းဖောက်ဖျက်ခဲ့ခြင်းများရှိပါကြောင်း၊ စည်းကမ်းများကျော်၍ ဖောက်ဖျက်ခဲ့မှုကြောင့် Customer များ၏ Complain များ ဖြေရှင်းခဲ့ရခြင်းကြောင်း၊ ၅-၈-၂၀၂၆ ရက်နေ့တွင် ဒေါ်ဥမ္မာထွန်းအား အလုပ်ထွက်စာတရားဝင်လာရောက်တင်ရန်နှင့် လစာထုတ်ယူရန် ဖုန်းဖြင့်ပြောကြားခဲ့သော်လည်း လာရောက်ထုတ်ယူခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ ၎င်းတောင်းဆိုသည့် နစ်နာကြေးကိုပေးရန်မရှိပါကြောင်းနှင့် ကရုဏာကြေးသာပေးလိုခြင်းဖြစ်ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

Scanned with OKEN Scanner

အလုပ်သမား ဒေါ်ဥမ္မာထွန်းအား အလုပ်မှနုတ်ထွက်ခွင့်မပြုဘဲ အလုပ်မှထုတ်ပယ်ခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၁၀။ အလုပ်သမားအတွက် သာမန်ပြစ်မှုနှင့် ကြီးလေးသောပြစ်မှုဟူ၍ရှိရာ မသမာမှုဟုသော အသုံးအနှုန်းသည် ကြီးလေးသောပြစ်မှုတွင် ပါဝင်ပါသည်၊ ကြီးလေးသောပြစ်မှုကို ကျူးလွန်ထားသည့် အလုပ်သမားအား အလုပ်မှချက်ချင်းထုတ်ပယ်ပြီး မည်သည့်နစ်နာကြေးမျှ ပေးရန်မလိုပါ။ ယခုဖော်ပြသည့် မသမာမှုဆိုသည့် အသုံးအနှုန်းသည် အလုပ်ရှင် မသိရှိဘဲ၊ သဘောမတူဘဲ၊ ထုတ်ဖော်မပြောရသေးဘဲ လုပ်ငန်းတစ်ခုလုံးကို ယုံကြည်မှုပျက်စေရန် ရည်ရွယ်သောဆန္ဒဖြင့် ပြင်ပ Supplier Group ပေါ်တွင် ဒေါ်ဥမ္မာထွန်းမှ အလုပ်မှနုတ်ထွက်မည်ဖြစ်ကြောင်း ပစ္စည်းဝယ်ယူခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်ပတ်သက်၍ ဒေါ်လွင်မာအောင်နှင့်ဆက်သွယ်ဆောင်ရွက်ရန် ရေးသားဖြန့်ဝေခြင်းကြောင့် မသမာမှုဟု ဖော်ပြသုံးနှုန်းထားသဖြင့် အဆိုပါအသုံးအနှုန်းများသည် မသမာမှု မဟုတ်ကြောင်းနှင့် အလုပ်သမား ဒေါ်ဥမ္မာထွန်းသည် ပြစ်မှုကြီးကျူးလွန်သူ မဟုတ်ကြောင်း သုံးသပ်ရရှိသဖြင့် အလုပ်ရှင် ဒေါ်သီတာအောင်က အလုပ်သမား ဒေါ်ဥမ္မာထွန်းအား အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) အတိုင်း လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန်နှင့် အလုပ်ရှင်မှ တစ်လကြိုတင် အကြောင်းကြားခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် နို့တစ်ကြေးတစ်လစာပေးရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်က အလုပ်သမား ဒေါ်ဥမ္မာထွန်းအား နို့တစ်ကြေးတစ်လစာ ငွေကျပ် ၇၈၃,၈၀၀၊ ဥပဒေအရ အလုပ်ရပ်စဲမှုနစ်နာကြေး တစ်လခွဲစာ ငွေကျပ် ၁,၁၇၅,၇၀၀၊ စုစုပေါင်းကျပ် ၁,၉၅၉,၅၀၀ (ကျပ်တစ်ဆယ်ကိုးသိန်းငါးသောင်းကိုးထောင်ငါးရာတိတိ) ပေးချေရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

၁၁။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

Scanned with OKEN Scanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (မင်းရဲဇော်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရီဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဒေါ်ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ကျော်ညွန့်)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | (စိုးလွင်)<br>အဖွဲ့ဝင် | (ငြိမ်းမောင်)<br>အဖွဲ့ဝင် |

Scanned with OKEN Scanner

သုံးသပ်ချက်

၇။ SSG Construction Materials Distribution Co.,Ltd (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်) ၏ အလုပ်ရှင် (၂) ဦးမှာ ဒေါ်သီတာအောင်နှင့် ဒေါ်သဲစုလွင်တို့ဖြစ်ပြီး အလုပ်သမား ဒေါ်ဥမ္မာထွန်းနှင့် အလုပ်ရှင် ဒေါ်သီတာအောင်၊ ဒေါ်သဲစုလွင်တို့၏ ကုမ္ပဏီ၏လုပ်ငန်းများနှင့် စပ်လျဉ်း၍ ငွေကြေးပေးရန်၊ ရရန်ကိစ္စရပ်များသည် ဤခုံသမာဓိအဖွဲ့အနေဖြင့် ဆုံးဖြတ်ဆောင်ရွက်ပေးရန် တာဝန်မရှိကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးကိစ္စရပ်များကိုသာ ဆုံးဖြတ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

၈။ အလုပ်သမား ဒေါ်ဥမ္မာထွန်းသည် SSG Construction Materials Distribution Co., Ltd (အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)၌ မန်နေဂျာရာထူးဖြင့် ၂၆-၁၂-၂၀၂၃ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာငွေ ၈၀၀,၀၀၀ ကျပ်ရရှိကြောင်းနှင့် ဒေါ်ဥမ္မာထွန်း၏ နောက်ဆုံးထုတ်လစာမှာ ၈/၂၀၂၆ လအတွက် ၇၈၃,၈၀၀ ကျပ် ရရှိကြောင်း၊ လုပ်သက် ၂ နှစ်နှင့် ၇ လ ရှိကြောင်း၊ ဒေါ်ဥမ္မာထွန်း၏ ၄-၈-၂၀၂၆ ရက်နေ့၊ Supplier Group တွင် ရေးသားခဲ့သည့် **"ဒေါ်ဥမ္မာထွန်းသည် SSG Construction Materials Distribution Co., Ltd မှ တာဝန်ရပ်နားအလုပ်ထွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါကြောင်းနှင့် ယခုအချိန်ထိ လက်တွဲကူညီဆောင်ရွက်ပေးကြသော Suppliers အားလုံးကို အထူးကျေးဇူးတင်ပါကြောင်း၊ ကုမ္ပဏီနှင့် (လုံး၀) သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း နောက်ပိုင်း ရောင်းဝယ်ရေးပစ္စည်း မှာယူရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဒေါ်လွင်မာအောင်ထံ ဆက်သွယ်ဆောင်ရွက်ရန်"** ဟု ဖော်ပြချက်သည် ဒေါ်ဥမ္မာထွန်းလုပ်ကိုင်ရသည့် လုပ်ငန်းသဘောသဘာဝအရ ငွေကြေးကိစ္စများပါဝင်နေခြင်းကြောင့် Supplier များအား အသိပေးခြင်းသာဖြစ်ပြီး ကုမ္ပဏီသိက္ခာကျစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့မှုမဟုတ်ကြောင်း၊ ဒေါ်ဥမ္မာထွန်း၏ တရားဝင်အလုပ်နုတ်ထွက်စာ တင်ပြထားမှုမရှိခြင်းနှင့် အလုပ်ရှင်က အလုပ်မှနုတ်ထွက်ခွင့်ပြုကြောင်း စာဖြင့်တရားဝင် ခွင့်ပြုထားမှုမရှိခြင်းတို့ကြောင့် အလုပ်သမား ဒေါ်ဥမ္မာထွန်းအနေဖြင့် ၎င်းသဘောဆန္ဒဖြင့် အလုပ်နုတ်ထွက်သည်ဟု မှတ်ယူ၍မရနိုင်ကြောင်း သုံးသပ်ရရှိပါသည်။

၉။ အလုပ်ရှင် ဒေါ်သီတာအောင်သည် အလုပ်သမား ဒေါ်ဥမ္မာထွန်း အလုပ်မှနုတ်ထွက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ အလုပ်မှနုတ်ခွင့်ပြုမည်ဖြစ်ကြောင်း အဓိပ္ပါယ်သက်ရောက်သည့် ဖော်ပြချက်ရေးသားရမည့်အစား **"ကုမ္ပဏီစည်းကမ်းအတိုင်း မလိုက်နာခြင်းနှင့် မသမာမှုလုပ်၍ ထုတ်ပယ်လိုက်ပါသည်" "ကုမ္ပဏီစည်းကမ်းအတိုင်း မလိုက်နာခြင်းနှင့် Procedure ဘောင်လွန်၍ ထုတ်ပယ်လိုက်ပါသည်" "ကုမ္ပဏီစည်းကမ်းအတိုင်း မလိုက်နာခြင်းနှင့် Procedure ဘောင်လွန်၍ မိမိဆန္ဒအလျောက်ရပ်နားလိုက်ပါသည်"** ဟု Viber Group တွင် ၃ ကြိမ်တိုင်တိုင် ပြင်ဆင်ရေးသားခဲ့သဖြင့်

Scanned with OKEN Scanner